THE REPUBLIC OF THE UNION OF MYANMAR
MYANMAR MEDICAL COUNCIL
123, NATMAUK ROAD, BAHAN TOWNSHIP, YANGON
myanmarmedicalcouncil@gmail.com, www.myanmarmedicalcouncil.org.mm
+95-9-444914141, +95-9-456844445, +95-1-546709 (FAX)

# မြန်မာနိုင်ငံဆေးကောင်စီ
# ကြေညာချက်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၁၁)ရက်။

ယခုအခါ ကမ္ဘာတစ်ဝှမ်းပျံ့နှံ့ဖြစ်ပွားလျက်ရှိသော COVID-19 (လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါ) ကပ်ရောဂါသည် မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၃)ရက်နေ့မှစတင်၍ ဓါတ်ခွဲအတည်ပြုလူနာ တွေ့ရှိရာမှ စတင်ပျံ့နှံ့ဖြစ်ပွားခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ကူညီ၍ ဤကပ်ရောဂါကို ကြိုးပမ်းတိုက်ဖျက်လျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ရောဂါပျံ့နှံ့ဖြစ်ပွားနှုန်း များစွာနည်းပါးသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် COVID-19 ရောဂါရှာဖွေကုသပေးရာတွင် ရှေ့တန်းမှ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ပေးနေသော ဆရာဝန်များအား ဂုဏ်ပြုသည့်အနေဖြင့် ဆေးကုသခွင့်လိုင်စင်ကြေးများကို တစ်နှစ်စာကင်းလွတ်ခွင့်ပြုရန် ၅-၆-၂၀၂၀ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး (၃/၂၀၂၀)မှ ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါအစီအစဉ်တွင် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၃၀)ရက်မတိုင်မီ အထွေထွေဆေးကုသခွင့်လိုင်စင် ရရှိထားပြီးသူ ဆရာဝန်များအားလုံး အကျိုးဝင်ခံစားနိုင်စေရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁)ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၃၀)ရက်နေ့အတွင်း အထွေထွေဆေးကုသခွင့်လိုင်စင် သက်တမ်းတိုး ဆောင်ရွက်ခြင်း၊ အထူးဆေးကုသခွင့်လိုင်စင် လျှောက်ထားခြင်း၊ အထူးဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ကြမည့် အထွေထွေရောဂါကုဆရာဝန်များ၊ အထူးကုဆရာဝန်များ၏ လိုင်စင်သက်တမ်းကြေး (၁)နှစ်စာကို ကင်းလွတ်ခွင့်ပြုကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဆေးကောင်စီ